JEFFERSON COUNTY PUBLIC SCHOOLS

# *I Speak* ကတ်

(မိဘများ၏ ရှင်းလင်းချက်)

***I Speak*** ကတ်၏ ရည်ရွယ်ချက်မှာ လေ့ကျင့်သင်ကြားထား သော စကားပြန်တစ်ဦး၏ အကူအညီကို ချက်ချင်း ရရှိနိုင်စေ ရန်အတွက် သင့်အား ကူညီရန် ဖြစ်ပါသည်။ ၎င်းသည် သင်၏ မိခင်ဘာသာစကားသည် မည်သည့်ဘာသာစကားဖြစ်သည်ကို သိရှိနိုင်စေရန်ကူညီပေးပြီး သင်သည် စကားပြန် တစ်ဦးလိုအပ်နေကြောင်းကို ကျောင်းအား အသိပေးပါသည်။ ၎င်းသည် ကျောင်းမှ စကားပြန်ဝန်ဆောင်မှုများကို မည်သို့ရရှိ နိုင်သည်ကိုလည်း ရှင်းပြထားပါသည်။ စာရင်းသွင်းချိန်တွင် ခရိုင်သည် သင့်အား ***I Speak*** ကတ်တစ်ခု ပေးလိမ့်မည် သို့မ ဟုတ် ကျောင်းဝန်ထမ်းများအား သင့်ကို ၎င်းကတ်တစ်ခု ပေး ရန် တောင်းဆိုပါ။

သင့်ကလေး၏ကျောင်းသို့ လူကိုယ်တိုင်လာရောက်သည့်အခါ သို့မဟုတ် ဖုန်းခေါ်ဆိုသည့်အခါ ကျောင်းဝန်ထမ်းများသည် အ င်္ဂလိပ်လို "ဘာသာစကားပံ့ပိုးမှုကို စောင့်ပါ" ဟု ပြောနိုင်ပါ သည်။ ၎င်းက ကျောင်းသည် ဘာသာစကားအကူအညီ လိုအပ် ကြောင်းကို နားလည်သဘောပေါက်ပြီး အကူအညီပေးရန် တ ရားဝင် အသိအမှတ်ပြုလက်မှတ်ရ စကားပြန်တစ်ဦးရရှိရန် လုပ်ဆောင်နေကြောင်း ရည်ညွှန်း ဖော်ပြပါသည်။